## ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

## ၁၃ ရက်မြောက်နေ့အစီအစဉ်

## [ ၄-၂-၂၀၁၃ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိုးပိုင်၊ ဝန်းသို မဲဆန္ဒနယ်၏ **အခွန်ပေးဆောင်မှု လျော့နည်းသည့် သတ္တုလုပ်ကွက်များအဖြစ် ရွှေ (သို့မဟုတ်) တန်ဖိုးကြီးမားသည့် အခြားသတ္တုတစ်မျိုးမျိုးကိုသာ ရှာဖွေတူးဖော်တာမျိုး ရှိနိုင်၊ မရှိနိုင်နှင့် ယခင်ကဲ့သို့ လက်လုပ်လက်စား ရွှေတူးဖော် ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ခ) ဦးသိန်းလွင်၊ ချောက် မဲဆန္ဒနယ်၏ **ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းသို့ ပြောင်းရွှေ့တည်ဆောက်မည့် ထိုင်းနိုင်ငံမှ သဘာဝဘေးအန္တရာယ်ရှိသော စက်ရုံဟောင်းများကိစ္စ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **မိုင်းပွန်ဒေသတွင် GSM Mobile Phone တပ်ဆင်အသုံးပြုခွင့်ရရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးကျော်စိုးလေး၊ မိုးညှင်း မဲဆန္ဒနယ်(ကိုယ်စား)ဦးကျော်နိုင်ဌေး၊ အင်းတော် မဲဆန္ဒနယ်၏ **မိုးညှင်းမြို့နယ်၊ မော်ဟန်ဒေသ၌ CDMA နှင့် GSM မိုဘိုင်းဖုန်းများဆက်သွယ် အသုံးပြုနိုင်ရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( င ) ဦးဝင်းမြင့်၊ မြင်းခြံ မဲဆန္ဒနယ်၏ **မြင်းခြံခရိုင်၊ ပြည်သူ့ဆေးရုံကြီးတွင် အထူးလိုအပ်လျက်ရှိသော လူနာတင် မော်တော်ယာဉ်တစ်စီး ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( စ ) ဦးအေး၊ ဟုမ္မလင်း မဲဆန္ဒနယ်၏ **ဟုမ္မလင်းမြို့နယ်၊ မောင်းခမ်းစံပြ ကျေးရွာ တိုက်နယ်ဆေးရုံ တိုးမြှင့်ဖွင့်လှစ်ပေးရန်နှင့် ကောယားစံပြ ကျေးရွာ၊ မြင်သာစံပြကျေးရွာတို့အား ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **"သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆင့်မပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၄ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။